**ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး**

**ဗဟိုဌာနချုပ်**

**ကော်သူးလေ**

**www.knuhq.org**


# စစ်ကောင်စီမှ ထုတ်ပြန်လိုက်သည့် "ပြည်သူ့စစ်မှုထမ်းဥပဒေ" နှင့်ပတ်သက်၍ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ သဘောထားထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ (၁၉) ရက်**

၁။ စစ်ကောင်စီသည် ၂၀၁၀ ခုနှစ်တွင် နအဖ စစ်ကောင်စီက ဥပဒေ ၂၇/၂၀၁၀ဖြင့် ပြဋ္ဌာန်းခဲ့သော "ပြည်သူ့စစ်မှုထမ်းဥပဒေ" နှင့် "အရန်တပ်ဖွဲ့ဥပဒေ" တို့ကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ (၁၀) ရက်နေ့နှင့် ဖေဖော်ဝါရီလ (၁၃)ရက်တို့တွင် အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၂၄ နှင့် ၃၂/၂၀၂၄ တို့ဖြင့် ဥပဒေအာဏာတည်သည့် နေ့ရက်အဖြစ် သတ်မှတ်ထုတ်ပြန်ခဲ့ပါသည်။ ဆက်လက်၍ ဖေဖော်ဝါရီလ (၁၃)ရက်နေ့တွင်လည်း ကြော်ငြာစာအမှတ် ၁/၂၀၂၄ ဖြင့် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေး ဗဟိုအဖွဲ့ ကို ဖွဲ့စည်းကြောင်း ထုတ်ပြန်ခဲ့ပါသည်။

၂။ ဂုဏ်သိက္ခာရှိသည့် ဆန္ဒ အလျှောက်ပါဝင်သင့်သော ပြည်သူ့စစ်မှုထမ်းဥပဒေကဲ့သို့ ဥပဒေများကို အသက်ဝင်ကြောင်း အတည်ပြု သတ်မှတ်ထုတ်ပြန်ရန်အတွက် စစ်ကောင်စီတွင် တရားဝင်မှုမရှိပါ။ ဤ ဥပဒေ သည် တနိုင်ငံလုံးအား စစ်နွံအတွင်း နက်ရှိုင်းစွာ ကျရောက်စေရန် လုပ်ဆောင်သည့်လုပ်ရပ် ဖြစ်သလို စစ်အာဏာ သက်ဆိုးရှည်စေသည့် လုပ်ရပ်ဖြစ်သည့်အတွက် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး (KNU) က ဆန့်ကျင် ကန့်ကွက်ပါသည်။

၃။ "ပြည်သူ့စစ်မှုထမ်းဥပဒေ" သည် တိုင်းပြည်အား ပြည်ပရန်ကျူးကျော်မှုများမှ ကာကွယ်ရန်၊ သဘာဝဘေး အန္တရာယ်များနှင့် အကြီးစားမတော်တဆ ဖြစ်ပွားမှုများ စသည်တို့တွင် လူသားချင်းစာနာထောက်ထားသော အကူအညီပေးအပ်မှုအပါအဝင် နိုင်ငံပြန်လည်တည်ဆောက်ရေး ကြိုးပမ်းမှုများကို ပံ့ပိုးကူညီရန်အတွက် ဖြည့်ဆည်းပေးအပ်ရမည့် မှန်ကန်သည့် ဝန်ဆောင်မှု ဖြစ်ပါသည်။

၄။ မျိုးဆက်သစ်လူငယ်များနှင့် တိုင်းရင်းသားပြည်သူလူထု တရပ်လုံးက စစ်ကောင်စီ၏ မတရားထုတ်ပြန်ထားသည့် ဥပဒေအကောင်အထည်ဖော်မှု လုပ်ငန်းတွင် မပါဝင်ခြင်း၊ နိုင်ငံရေးအံတုမှု လုပ်ငန်းများဖြင့် ဆန့်ကျင်ခြင်း၊

တော်လှန်ရေး အဖွဲ့အစည်းများတွင် ပါဝင်ပူးပေါင်းဆောင်ရွက်ခြင်း၊ အခြင်းခြင်း အကာအကွယ်ပေးသည့် လုပ်ငန်းများ အပါဝင် နည်းလမ်းမျိုးစုံဖြင့် ပြုလုပ်သော ဆန့်ကျင်တိုက်ဖျက်ရေး လုပ်ငန်းများတွင် ပူးပေါင်း လုပ်ဆောင်ကြရန် တိုက်တွန်းပါသည်။

၅။ ဤတရားမဝင်သော ဥပဒေများဖြင့် စစ်ကောင်စီက လူငယ်မျိုးဆက် နှင့် လုပ်သားအရင်းအမြစ် မျိုးဆက်တခု အား အတင်းအကြပ် တပ်သားသစ် စုဆောင်းပြီး စစ်ပွဲနွံတွင်းသို့ ဆွဲသွင်းခြင်းကို ပြည်သူလူထုက လိုက်နာရန် မလိုအပ်ပါ။ စစ်ကောင်စီနှင့် အလိုပါ လုပ်ဆောင်သူများအားလုံးသည် ဤဥပဒေ အကောင်အထည်ဖော်ခြင်း အတွက် ဖြစ်ပေါ်မည့် နောက်ဆက်တွဲ နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အကျိုးဆက်များကို တာဝန်ယူ တာဝန်ခံရမည် ဖြစ်သည်။

၆။ မြန်မာနိုင်ငံတွင် စစ်အာဏာရှင်စနစ် အပြီးတိုင် ချုပ်ငြိမ်းသွားမှသာလျှင် စစ်တပ်၏ ပြည်သူလူထုအပေါ် နည်းမျိုးစုံဖြင့် ညှင်းပမ်းနှိပ်စက်၊ ဖိနှိပ်အုပ်ချုပ်၊ သွေးခွဲ၊ သတ်ဖြတ် နေမှုများနှင့် နိုင်ငံအား စစ်တလင်းပြင်အဖြစ် ဖန်တည်းနေမှုများ ချုပ်ငြိမ်းစေမည် ဖြစ်ပါသည်။

၇။ မျိုးဆက်သစ်လူငယ်များအနေဖြင့် မိမိတို့၏ ခေတ်နှင့်လျှော်ညီသည့် တီထွင်ဖန်တည်းနိုင်သော စွမ်းပကားများ ကို အသုံးချလျှက် တရားမဝင်သော စစ်ကောင်စီ၏ လုပ်ရပ်အားလုံးကို နည်းမျိုးစုံဖြင့် ဆန့်ကျင်တိုက်ဖျက် သွားကြရန် တိုက်တွန်းလိုပြီး KNU အနေဖြင့်လည်း မိမိသက်ဆိုင်ရာ ကဏ္ဍများမှ တတ်စွမ်းသ၍ ပံ့ပိုးကူညီ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ထုတ်ပြန်အပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**
**ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး**
**ဗဟို**


ဆက်သွယ်ရန် -

- စောနယ်ဒူဒါး (+66 98 687 9384)
- နော်ဆိုဖီ (Sophie) (+66 80 228 0996)
- E-mail: ner.dhu.da.ndd@gmail.com